ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးဆိုင်ရာအမျိုးသားကော်မတီ

(အမိန့်ကြော်ငြာစာအမှတ်၊ ၁/ ၂၀၂၄)

၁၃၈၆ ခုနှစ်၊ ဝါခေါင်လဆန်း ၅ ရက်

(၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၉ ရက်)

## အလုပ်သမားများအတွက် အပိုထောက်ပံ့ကြေးငွေ သတ်မှတ်ကြေညာခြင်း

၁။ အနည်းဆုံးအခကြေးငွေနှုန်းထားများကို ၂၀၁၃ ခုနှစ်၊ အနည်းဆုံးအခကြေးငွေဥပဒေ ပုဒ်မ ၁၀၊ ပုဒ်မခွဲ(ဃ)နှင့်အညီ သုံးပွင့်ဆိုင်ကိုယ်စားလှယ်များနှင့် ညှိနှိုင်းဆွေးနွေးပွဲများ ပြုလုပ်၍ ဆုံးဖြတ်ခဲ့သည့် " **မြန်မာနိုင်ငံရှိ အလုပ်သမားများအတွက် နေရာဒေသနှင့် လုပ်ငန်းအမျိုးအစား မခွဲခြားဘဲ တစ်နိုင်ငံလုံး တစ်ပြေးညီ တစ်နာရီလျှင် ၆၀၀ ကျပ်(ခြောက်ရာကျပ်) နှုန်းဖြင့် အလုပ်ချိန် ၈ နာရီ (တစ်ရက်) အတွက် ၄,၈၀၀ ကျပ် (လေးထောင့်ရှစ်ရာကျပ်)**" ကို ပြည်ထောင်စုအစိုးရ အဖွဲ့၏ အတည်ပြုချက်ဖြင့် အမျိုးသားကော်မတီမှ ၁၄-၅-၂၀၁၈ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် (၂/၂၀၁၈)ဖြင့် ထုတ်ပြန်သတ်မှတ်ခဲ့ပါသည်။

၂။ ထိုသို့ အနည်းဆုံးအခကြေးငွေနှုန်း အလုပ်ချိန် (၈) နာရီ တစ်ရက်အတွက် ကျပ် ၄၈၀၀/- သတ်မှတ်ခဲ့ခြင်းအပေါ် ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှစ၍ အပိုထောက်ပံ့ကြေး ၁,၀၀၀/- ကျပ် (တစ်ထောင်ကျပ်တိတိ)ကို အလုပ် လုပ်သောရက်များနှင့် ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက်အက်ဥပဒေအရ ၉-၁၀-၂၀၂၃ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် (၂/၂၀၂၃) ဖြင့် ခံစားခွင့်ပြုပြီးဖြစ်ပါသည်။

၃။ အစိုးရဌာနများနှင့်အဖွဲ့အစည်းများရှိ နေ့စားဝန်ထမ်းများနှင့် နေ့စားအလုပ်သမားများ၏ " လုပ်ခကို အလုပ်ချိန် တစ်နေ့(၈)နာရီအတွက် လက်ရှိသတ်မှတ်ထားသော လုပ်ခ ကျပ် ၄၈၀၀/- အပေါ်တွင် အပိုထောက်ပံ့ကြေးကျပ် ၁၀၀၀/- ကို ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလမှစတင်၍ လစဉ် ခံစားခွင့်ပြုခဲ့ပါသည်။ ယခုအခါ လက်ရှိထောက်ပံ့လျက်ရှိသည့်အပိုထောက်ပံ့ကြေး ကျပ် ၁၀၀၀/- အပြင် ထပ်မံ၍ ကျပ် ၁၀၀၀/- ကို အပိုထောက်ပံ့ကြေးအဖြစ် ခံစားခွင့်ပြုရန်ဖြစ်သဖြင့် နေ့စား အလုပ်သမားများအား နေ့စဉ်လုပ်ခ ကျပ် ၆၈၀၀ /- (ကျပ်ခြောက်ထောင့်ရှစ်ရာတိတိ)ကို ခွင့်ပြု ရန်ဖြစ်ပါသည် " ဟု စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၂၆-၇-၂၀၂၄ ရက်စွဲပါအမိန့်ကြော်ငြာ စာအမှတ်(၅၄/၂၀၂၄) ဖြင့် ထုတ်ပြန်သတ်မှတ်ခဲ့ပါသည်။

၄။ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့မှစ၍ လက်ရှိထောက်ပံ့လျက်ရှိသည့် အပိုထောက်ပံ့ကြေးကျပ် ၁၀၀၀/- အပြင် ထပ်မံ၍ ကျပ် ၁၀၀၀/- ကို အပိုထောက်ပံ့ကြေးအဖြစ် အလုပ်လုပ်သောရက်များနှင့် ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက်အက်ဥပဒေအရ ခံစားခွင့်ပြုရန်ဖြစ်ပါသည်။

၅။ ဤသတ်မှတ်ချက်သည် အလုပ်သမား ၁၀ ဦးအောက်ရှိလုပ်ငန်းငယ်များ၊ မိသားစုတစ်ပိုင်တစ်နိုင်လုပ်ငန်းများနှင့်သက်ဆိုင်ခြင်းမရှိစေရ။

၆။ အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးဆိုင်ရာအမျိုးသားကော်မတီ၏ ၉-၁၀-၂၀၂၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၂၃) ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

မြင့်နောင်
ပြည်ထောင်စုဝန်ကြီး
အလုပ်သမားဝန်ကြီးဌာန
(ဥက္ကဋ္ဌ၊ အနည်းဆုံးအခကြေးငွေ
သတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီ)

စာအမှတ်၊ ၀၂၂၄/၁/အလည(ဒေ/ညှိ)၂၀၂၄( ၃၅၂၂၁ )
ရက် စွဲ၊ ၂၀၂၄ ခုနှစ်၊ ဩဂုတ် လ ၉ ရက်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထောင်စုလွှတ်တော်ရုံး
ပြည်သူ့လွှတ်တော်ရုံး
အမျိုးသားလွှတ်တော်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး